# အပိုင်း(က) သူငယ်တန်း ဆရာလမ်းညွှန်မော်ဂျူးအတွက် ဆရာ၊ဆရာမများ သင်ကြားမှုကိုကြည့်ရှုလေ့လာခြင်းစစ်ဆေးပုံစံ

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၁။ ဆရာသည် သူငယ်တန်း ကလေးများ၏ သဘောသဘာဝများနှင့် သင်ယူဖွံ့ဖြိုးပုံများကို သိရှိနားလည်ပြီး ကလေးများ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့် ထပ်ဆောင်းအားဖြည့် ချဲ့ထွင်နိုင်မည့် နည်းလမ်းများကို သိရှိပြီး စီစဉ်အကောင်အထည်ဖော်သည်။ | ၁-၁။ သူငယ်တန်း ကလေးများ၏ သဘောသဘာဝများနှင့် သင်ယူဖွံ့ဖြိုးမှုဖြစ်စဉ်ကို ကောင်းစွာနားလည်မှုမရှိသဖြင့် ကျောင်းသားများ၏ လွတ်လပ်စွာ သင်ယူမှု စွမ်းရည်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ခြင်း မရှိပါ။ | | ၁-၁။ ဆရာသည် နည်းလမ်းအမျိုးမျိုးနှင့် အကြောင်းအရာအမျိုးမျိုးကို အသုံးပြုပြီး ကလေးများ ဘက်စုံဖွံ့ဖြိုးရန် သင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။ | | ၁-၁။ ကလေးများ၏ စိတ်ဝင်စားမှုကို အခြေခံပြီးရှိရင်းစွဲ အသိပညာများ၊ အတွေ့အကြုံများပေါ်တွင် အခြေခံပြီးစူးစမ်းလေ့လာမှု လုပ်ငန်းများနှင့် သင်ယူမှုလုပ်ငန်းစဉ်များတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့် ရရှိအောင် ဖန်တီးဆောင်ရွက်ပေးသည်။ | |
| | ၁-၂။ ကလေးများ ဘက်စုံဖွံ့ဖြိုးရန် ဆောင်ရွက်ပေးရမည့် နည်းလမ်းများကို မသိရှိ၍ မလုပ်ဆောင်ပါ။ | | ၁-၂။ ကလေးများ ဘက်စုံဖွံ့ဖြိုးရန်နှင့် အသိသညာများရရှိစေရန် သင်ကြား သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာ တွင် မည်သည့် သင်ကြားနည်းနှင့် မည်သည့် သင်ယူမှုလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရမည်ကို နားလည်သဘောပေါက်သည်။ | | ၁-၂။ ကလေးတစ်ဦးချင်းစီနှင့်သင့်လျော်သော ထက်သန်တက်ကြွစွာသင်ယူနိုင်သည့် သင်ယူမှုအစီအစဉ်များ ဆောင်ရွက်ရာတွင် ကလေးဖွံ့ဖြိုးမှုနှင့်သင်ယူမှုအသိပညာများကိုလက်တွေ့အသုံးပြု၍ ကျောင်းသားတိုင်း သင်ယူမှုကို နှစ်သက်လိုလားသော သင်ယူမှုဝန်းကျင်မျိုးကို ဖန်တီးဆောင်ရွက်ပေးသည်။ | |

| ရည်ရွယ်ချက်များ | လက်ရှိအဆင့်<br>အခြေခံအညွှန်းကိန်းများ<br>(သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု<br>ဦးစွာရရှိလာသည့် အညွှန်းကိန်းများ<br>(ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့်<br>မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၂။ သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ သဘောသဘာဝနှင့် သင်ရိုးပါ နယ်ပယ်များအကြောင်းကို နားလည် သဘောပေါက်ပြီး ထိရောက် သေချာစွာ ဆောင်ရွက်သည်။ | ၂။ ဆရာသည် သင်ရိုးညွှန်းတမ်း၏ သဘောသဘာဝများကို ကောင်းစွာ နားလည်သဘောပေါက်မှု မရှိပါ။ | | ၂။ သင်ရိုးညွှန်းတမ်းကို နားလည် သဘောပေါက်ပြီး သင်ယူဖွံ့ဖြိုးမှု နယ်ပယ် (၆)ခုနှင့် နယ်ပယ်တစ်ခုချင်းအလိုက် သတ်မှတ်ထားသော မျှော်မှန်းရလဒ်များကို နားလည် သဘောပေါက် လာသည်။ | | ၂။ သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ ရည်မှန်း ချက်များအတိုင်း ကလေးများ ဘက်စုံ ဖွံ့ဖြိုးမှုများ ရရှိရန် အကောင်အထည် ဖော် ဆောင်ရွက်နိုင်သည်။ | |
| ၃။ သူငယ်တန်းကလေးများ သင်ယူဖွံ့ဖြိုးမှုဖြစ်လာစေရန်အတွက်ကလေးဗဟိုပြု ချဉ်းကပ်နည်းနှင့် ကစားခြင်းဖြင့် သင်ယူနည်းများကို အသုံးပြုပြီး ကူညီပံ့ပိုးပေးသည်။ | ၃–၁။ သူငယ်တန်းကလေးများ သင်ယူ ဖွံ့ဖြိုးမှုဖြစ်လာစေရန် ကလေးဗဟိုပြု ချဉ်းကပ်နည်းနှင့် ကစားခြင်းဖြင့် သင်ယူနည်းများ အသုံးမပြုပါ။ | | ၃–၁။ ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် သင်ကြားခြင်း၊ ကစားခြင်း၊ ပြဿနာ ဖြေရှင်းခြင်း၊ အတွေ့အကြုံများမှ တစ်ဆင့် သင်ယူခြင်းနှင့် သင်ယူမှု အထောက်အကူပစ္စည်းများကို အသုံးပြု သင်ကြားသည်။ | | ၃–၁။ ကျောင်းသားများ ထက်သန်တက်ကြွစွာ သင်ယူနိုင်သည့် ကလေးဗဟိုပြုချဉ်းကပ်နည်းနှင့် ကစားခြင်းဖြင့် သင်ယူနည်းများကို တီထွင်ပြီးလက်တွေ့အသုံးပြုသည်။ | |
| | ၃–၂။ စာသင်ခန်းအတွင်း စိတ်အား ထက်သန်မှုကိုဖြစ်စေပြီး ပံ့ပိုးကူညီပေးသော သင်ယူမှုဝန်းကျင်မျိုး မဖန်တီးပေးပါ။ | | ၃–၂။ ကျောင်းသားများအတွက်ဆီလျော်သော စိတ်ဝင်စားမှု ဖြစ်စေသော သင်ယူမှုပစ္စည်းများပေးခြင်း၊ စာသင်ခန်းတွင်း ခင်းကျင်းပြသခြင်းအပြင် သင့်လျော်သော သင်ယူမှုဆိုင်ရာပံ့ပိုး ကူညီမှုများကိုလည်းပြုလုပ်ပေးသည်။ | | ၃–၂။ ကျောင်းသားအားလုံး စိတ်ဝင်စားမှု ဖြစ်စေပြီး ကျောင်းသားတိုင်း ကိုယ်စီ သင်ယူမှုကို နှစ်သက်လိုလားသော စာသင်ခန်းအတွင်း ပိုမိုကောင်းမွန်သော သင်ယူမှု ဝန်းကျင်မျိုးကို ဖန်တီးပေးသည်။ | |
| ၄။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု–ကို သိရှိပြီး နယ်ပယ် တစ်ခုချင်းအလိုက် သင်ယူမှုလုပ်ငန်းများကို လက်တွေ့ အသုံးပြုသည်။ | ၄။ သင်ယူမှုဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင်ပါဝင်သော လုပ်ငန်းများကို မပြု လုပ်ပါ။ | | ၄။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင် ပါဝင်သော လုပ်ငန်းအချို့တွင် အသုံးပြုသည်။ | | ၄။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင် ပါဝင်သော အကြောင်းအရာများနှင့် ကိုက်ညီသည့် သင်ယူမှုလုပ်ငန်းများကို စီစဉ် လက်တွေ့ဆောင်ရွက်သည်။ | |

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၅-၁။ သူငယ်တန်းဆရာများသည် သင်ယူမှုလုပ်ငန်းသုံးမျိုးကို ဟန်ချက်ညီညီပေါင်းစပ်ပြီး နေ့စဉ်လုပ်ငန်းများ စီစဉ်ပြုလုပ်သည်။ | ၅-၁။ ဆရာသည် တစ်နေ့တာ အစီအစဉ်ကို ပြုလုပ်သည်။ သင်ယူမှု လုပ်ငန်းသုံးမျိုးကို မသိပါ။ | | ၅-၁။ သင်ယူမှုလုပ်ငန်းသုံးမျိုးကို သိရှိပြီး တစ်နေ့တာအစီအစဉ်များတွင် ထည့်သွင်းအသုံးပြုသည်။ | | ၅-၁။ သင်ယူမှုလုပ်ငန်းသုံးမျိုးကို လုပ် ဆောင်တတ်ပြီး တစ်နေ့တာအစီအစဉ်များတွင် ဟန်ချက်ညီညီပေါင်းစပ်ပြီး စီစဉ်ပြုလုပ်သည်။ | |
| ၅-၂။ အကြောင်းအရာအခြေပြု ပေါင်းစပ် ချဉ်းကပ်နည်းကိုသိရှိပြီး သင်ကြားရေး အစီအစဉ်များ လက်တွေ့ရေးဆွဲအသုံးချသည်။ | ၅-၂။ အကြောင်းအရာအခြေပြု ပေါင်းစပ် ချဉ်းကပ်နည်းအရ ပြုစုရေးဆွဲထားသော သင်ပြမှုပုံစံကို သဘောမပေါက်ပါ။ | | ၅-၂။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခုတွင် ကလေးများရရှိသွားမည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်သဘောထားများကို သင်ယူရန်အတွက် လုပ်ငန်းများကို အကြောင်းအရာ အခြေပြု ပေါင်းစပ်ချဉ်းကပ်နည်းကို အသုံးပြုသည်။ | | ၅-၂။ သူငယ်တန်းစာသင်နှစ်တွင် သင်ကြားရမည့်ခေါင်းစဉ်(၁၅)ခုကို နယ်ပယ်တစ်ခုချင်း အလိုက် မူလရည်ရွယ်ချက် မပျောက်စေဘဲ အကြောင်းအရာအခြေပြု ပေါင်းစပ် ချဉ်းကပ်နည်းအရ သင်ယူမှု ကွန်ရက်ရေးဆွဲ၍ သင်ကြားရေး အစီအစဉ်များကိုဆောင်ရွက်သည်။ | |
| ၅-၃။ သူငယ်တန်းကလေးများအတွက် သင်ယူရန်နေရာများမသိရှိပြီးအမှန်တကယ်ပြုလုပ်ပေးရန် လိုအပ်သော သင်ယူရန်နေရာများကို ပြင်ဆင်ပြုလုပ်သည်။ | ၅-၃။ စာသင်ခန်းတွင် သင်ယူရန်နေရာများကို မထားရှိပါ။ | | ၅-၃။ သင်ယူရန်နေရာများထားရှိခြင်း၏ အကျိုးကျေးဇူးများကိုသိရှိပြီး ကျောင်းသားအားလုံးအတွက် ထိရောက်သော သင်ထောက်ကူပစ္စည်း အများအပြား ဖန်တီးပေးသည်။ | | ၅-၃။ ကျောင်းသားအားလုံး စိတ်ဝင်စားမှုဖြစ်စေပြီး ကျောင်းသားတိုင်း ကိုယ်တိုင် သင်ယူမှုကို နှစ်သက်လိုလားသော စာသင်ခန်းတွင်း သင်ယူမှုဝန်းကျင်မျိုးကိုဖန်တီးပေးသည်။ | |
| ၆။ ဆရာသည် သူငယ်တန်းကလေးများအား သင်ကြားနေစဉ် ကြည့်ရှုလေ့လာ၍ မှတ်တမ်းထားရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ | ၆-၁။ ကလေးများအား သင်ကြားနေစဉ် ကြည့်ရှုလေ့လာခြင်း မရှိပါ။ | | ၆-၁။ ကလေးများအားသင်ကြားနေစဉ် ကြည့်ရှုလေ့လာ၍ တစ်ဦးချင်းကို သင်ယူမှု မှတ်တမ်းထားရှိသည်။ | | ၆-၁။ ကလေးများအား သင်ကြားနေစဉ် ကြည့်ရှုလေ့လာ၍ တစ်ဦးချင်းကို သင်ယူမှု မှတ်တမ်းထားရှိပြီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။ | |

| ရည်ရွယ်ချက်များ | လက်ရှိအဆင့် အခြေခံအညွှန်းကိန်းများ (သတ်မှတ်အဆင့်အောက်) | အကဲဖြတ် | လေ့လာပြီးနောက်ပြောင်းလဲမှု ဦးစွာရရှိလာသည့် အညွှန်းကိန်းများ (ထိရောက်သင်ယူ) | အကဲဖြတ် | အကောင်းဆုံးအဆင့် မျှော်မှန်းထားသည့် တတ်ကျွမ်းမှု အညွှန်းကိန်းများ | အကဲဖြတ် |
|---|---|---|---|---|---|---|
| ၇။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်ရန် မိဘများနှင့် ပူးပေါင်းဆောင်ရွက် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ | ၇-၁။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို မသိပါ။<br>၇-၂။ ကလေးများ၏ အကူးအပြောင်းကာလ အခက်အခဲကို ကျော်လွှားစေနိုင်သည့် လုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ခြင်း မရှိပါ။<br>၇-၃။ ကလေး၏ အကူးအပြောင်းကာလ အခက်အခဲများအတွက် မိဘများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုလုပ်ပါ။ | | ၇။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို နားလည်ပြီး ကူညီပံ့ပိုး ပေးတတ်လာသည်။ | | ၇။ သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို နားလည်ပြီး ကူညီပံ့ပိုးပေးတတ်လာသည့်အပြင် မိဘများနှင့် ပူးပေါင်း၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်တတ်လာသည်။ | |